## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်း ဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းနှင့် မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များ

၁။ အထက်ပါလုပ်ငန်းများအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက် တောင်းခံရမည်။

(က) သဘောတူညီချက်တောင်းခံရာတွင်ပါဝင်ရမည့်အချက်များ–

(၁) လုပ်ငန်းတည်နေရာ။

(၂) လုပ်ငန်းအတိုင်းအတာ။

(၃) လုပ်ငန်းကာလ။

**၂။ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ဤပြည်နယ်ရုံးမှ သွားရောက်စစ်ဆေးတိုင်းတာပြီး ရေကြောင်းလွတ်ကင်းမှု ရှိ/မရှိ၊ ကမ်းပြိုကမ်းစား ရှိ/မရှိနှင့် မြစ်ကြမ်းအနေအထားစသည့်အခြေအနေအား စစ်ဆေးကြည့်ရှု တိုင်းတာပြီး ရေလမ်းမြေပုံထုတ်ရပါသည်။

(ခ) ဤပြည်နယ်ရုံးသည် လိုအပ်သောရေလမ်းမြေပုံနှင့် တည်နေရာပြမြေပုံများ ထုတ်၍ ဤပြည်နယ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များနှင့်အတူ ဤဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြပေးပြီး ရုံးချုပ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနသို့ စိစစ်တွေ့ရှိချက်နှင့်အတူ သဘောတူညီချက်တောင်းခံရပါသည်။

(ဂ) ဤပြည်နယ်ရုံးသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိပါက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**၃။ ဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ဤဦးစီးဌာနသည် ပြည်နယ်ရုံးမှ တင်ပြလာသော ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အား တန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး သဘောတူညီချက်တောင်းခံသွားရမည်ဖြစ်ပါသည်။

(ခ ) ဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိပါက တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းခြင်းတို့အတွက် သတ်မှတ်ထားသောဝန်ဆောင်ခကို ကောက်ခံသွားရမည်ဖြစ်သည်။

## ၄။ ဝန်ကြီးဌာမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

ဝန်ကြီးဌာနသည် သဘောထားတောင်းခံချက်အပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ မရှိပါက ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင် ( သို့မဟုတ်) မြစ်ရေတင် စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ သဘောတူညီချက်ပေးရမည်ဖြစ်သည်။

## ၅။ ကြီးကြပ်မှုအပိုင်း

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း မြစ်ချောင်းရေထုတ်နုတ်သုံးစွဲခြင်း လုပ်ငန်းများ ကို ဤပြည်နယ်ရုံးမှ သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှုရှိ/မရှိ အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို (၂-၁၀-၂၀၁၆)ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေကို (၂၂-၁-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်ပြဌာန်းနိုင်ခဲ့ပါသည်။ နည်းဥပဒေပြင်ဆင်ခြင်းအား (၂၇-၈-၂၀၁၅) ရက်နေ့တွင် ပထမအကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ဥပဒေပြင်ဆင်ခြင်းအား (၁၁-၇-၂၀၁၇)ရက်နေ့တွင် ဆောင်ရွက်နိုင်ခဲ့ပါသဖြင့် ထပ်မံ၍ နည်းဥပဒေပြင်ဆင်ရန် လိုအပ် လာပါသည်။ ဦးစီးဌာနအနေဖြင့်လည်း နည်းဥပဒေ ပြင်ဆင်ရေးအား ဆောင်ရွက်နေပြီး ဖြစ်ပါသည်။ ယခုတင်ပြထားသော အချက်အလက်များသည် တည်ဆဲနည်းဥပဒေပါ အချက်အလက်များဖြစ်ပြီး

ပြင်ဆင်ပြီး နည်းဥပဒေထွက်ရှိလာပါက အချို့သော အချက်အလက် များ ပြုပြင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။